E.N.C. Ethnic Nationalities Council (Union of Burma)

တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ)

**P. O. Box - 49, Chiang Mai University, Chiang Mai, 50202, THAILAND**
**Email: <office@encburma.org>, http:// www.encburma.org**

Statement No. 9/ 2007

# လတ်တလောဖြစ်ပေါ်နေသည့် နအဖစစ်အစိုးရမှ ပိုမိုဆိုးရွားလာသော သွေးမြေကျအကြမ်းဖက်လုပ်ရပ်အပေါ် တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) ၏ သဘောထား ထုတ်ပြန်ကြေငြာချက်။

ဖက်ဆစ်ဆန်သော စစ်အာဏာရှင်အစိုးရသည် ငြိမ်းချမ်းစွာ ဆန္ဒပြနေကြသော ရဟန်းသံဃာတော်များ၊ ကျောင်းသားပြည်သူများကို သေနတ်များ၊ မျက်ရည်ယိုဗုံးများ၊ လက်ကိုင်တုတ်များဖြင့် အသုံးပြုကာ ပိုမိုဆိုးရွားသည့် သွေးမြေကျအကြမ်းဖက်လုပ်ဆောင်မှုများအပေါ် မိမိတို့ **တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ)** မှ ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချလိုက်ကြောင်း ထုတ်ပြန်ကြေငြာ လိုက်ပါသည်။

ယခုအခါ စစ်အစိုးရသည် ကြံ့ဖွံ့များ၊ စွမ်းအားရှင်များ၊ အသုံးပြုပြီး တိုက်ခိုက်၊ လုယက်ဖျက်ဆီးခြင်းစသည့် မင်းမဲ့စရိုက်အသွင် လုပ်ကြံဖန်တီးခြင်း၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူစသော ဘာသာဝင်များ၏ ကိုးကွယ်ဝတ်ပြုရာအဆောက်အဦးများကို ဖျက်ဆီးခြင်းဖြင့် ဘာသာရေးအဓိကရုဏ်းများဖြစ်စေရန် ဖန်တီးလုပ်ကြံခြင်း၊ အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားများအား သပ်လျှိုကာ တိုက်တွန်းအကူအညီတောင်းခံခြင်းတို့ဖြင့် နောက်ထပ်ပြည်သူများအား ရက်စက်စွာသွေးချောင်းစီး သတ်ဖြတ်နိုင်မည့် အကြံအဖန်များကို ဖန်တီးလုပ်ဆောင် နေပါသည်။

ဒီမိုကရေစီကိုမြတ်နိုးလိုလားသော၊ ငြိမ်းချမ်းရေးကိုမြတ်နိုးလိုလားသော၊ ဖက်ဒရယ်ပြည်ထောင်စုကို လိုလားသော ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူစသော ဘာသာရေးအသင်းအဖွဲ့များ၊ အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများတို့သည် စစ်အစိုးရ၏လုပ်ကြံသပ်လျှိုမှုကို သတိရှိစွာဖြင့် ငြိမ်းချမ်းစွာ ဆန္ဒပြတောင်းဆိုနေကြသော ရဟန်းသံဃာ၊ ပြည်သူလူထုများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းစစ်ဌာနချုပ်များ၊ တပ်မစစ်ဌာနချုပ်များ လက်အောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများတို့သည် ပြည်သူ့ဘက်တွင် အမြဲတမ်းရပ်တည်ခဲ့သည့် တပ်မတော်သားများ၏ ဂုဏ်သိက္ခာကိုမြှင့်တင်သည့်အနေဖြင့် ဖြစ်ပေါ်လာမည့် သွေးကြောင်းစီးအကြမ်းဖက်လုပ် ရပ်များကို ပြည်သူဘက်မှ ပူးပေါင်းရပ်တည်အကာအကွယ်ပေးကြပါရန် တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) (ENC) မှ အလေးအနက် တိုက်တွန်း အပ်ပါသည်။

တိုင်းရင်းသားလူမျိုးများကောင်စီ
(ပြည်ထောင်စုမြန်မာနိုင်ငံ)

ရက်စွဲ။ ။ သက္ကရာဇ် (၂၀၀၇) ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်။

Contact Persons:
(1) Dr. Lian H. Sakhong (081- 029 6100)
(2) Saw David Taw (081- 306 4351)
(3) Nai Mehm Thein Gha (089- 262 9256)